1 တန်းနှင့် 2 တန်း

Public education
**Discover a world of opportunities**

# သိပ္ပံဘာသာရပ် အိမ်တွင် လေ့လာသင်ယူခြင်း

## ပန်းခြံထဲတွင် သိပ္ပံဘာသာရပ်

### ရေ ကစားစရာ

- ရေ ဘယ်နေရာက လာပြီး ဘယ်နေရာကို သွားမည့်အကြောင်း သင့်ကလေးကို စဉ်းစားခိုင်းပါ။ သူတို့အား ရေကို မာကျောသည့် မျက်နှာပြင်ပေါ်တွင် သုတ်လိမ်း သို့မဟုတ် ပက်ဖြန်းခိုင်းပြီး ရေကွယ်ပျောက်သွားသည်ကို ကြည့်ရှုခိုင်း၍ သူတို့၏ စိတ်ကူးများကို စမ်းစစ်ကြည့်ပါ။
- စိုသွားသော အဝတ်များ မည်ကဲ့သို့ ခြောက်သွားကြောင်း ပြောဆိုပါ။
- ကား ရေဆေးပါ။ သင့်ကလေးအား ရေပန်းခေါင်းမှ ရေအားကို စမ်း၍ခံစားခိုင်းပါ။ ဆပ်ပြာနှင့် ပူစည်ဖောင်းများ လုပ်ပါ။ အောက်ပါတို့ကဲ့သို့ မေးခွန်းများကို မေးပါ- *ရေနှင့်အမှိုက်များ ဘယ်နေရာ ရောက်သွားသလဲ။*
- ကိုယ်သုပ်ပုဝါ အစတစ်ဖက်ကို ရေတွင်နှစ်ပြီး အခြားအစတစ်ဖက်ကို ကြမ်းပြင်ပေါ်ချထားပါ။ ငါးမိနစ်ကြာပြီးနောက် ဇလုံအတွင်းရှိ ရေအမှတ်ကို စစ်ဆေးပြီး သင့်ကလေးအား အောက်ပါကဲ့သို့ မေးခွန်းများ မေးပါ- *ရေဇလုံထဲတွင် ရေမည်မျှ ကျန်နေသေးသလဲ။ နှင့် အဘယ်ကြောင့် ဖြစ်နေရသလဲ။*

### လ

- တစ်လတာအတွက် နေ့စဉ် လကို ကြည့်ပါ။ သင့်ကလေးအား သူတို့မြင်သည့် ပုံသဏ္ဍာန်ကို ရေးဆွဲခိုင်းပါ၊ ပုံသဏ္ဍာန်သည် တစ်ည နှင့် တစ်ည မည်သို့ပြောင်းလဲ နေသည့်အကြောင်းကို ပြောဆိုပါ။ သူတို့အား ပုံသဏ္ဍာန်ကို ဖော်ပြခိုင်းပါ၊ ဥပမာ- *လကွေး၊ လလေးပုံတစ်ပုံ၊ လတစ်ဝက် နှင့် လပြည့်. လပြည့် တစ်ခုနှင့် နောက်တစ်ခုအကြားတွင် ဘယ်နှစ်ရက်ကြာကြောင်း ရှာပါ။*
- မှန်ဘီလူးကိုသုံး၍ သင့်ကလေးများအား အလှည့်ကျကြည့်ခိုင်းပြီး လကို ပိုမို၍ အသေးစိတ်ဖော်ပြရန် သူတို့အားလုပ်ခိုင်းပါ၊ ဥပမာ လချိုင့်ဝမ်းများ။



Department of
**Education**

သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015